ဗျာဒိတ်ကျမ်း ၂း၂၄-၂၉ ကို ဖတ်ပါ။ သခင်ယေရှုသည် ဤအချိန်ကာလအတွင်း၌ မိမိ၏လူများတို့ ခံစားရသည့်ဒုက္ခဆင်းရဲခြင်းကို နားလည်ခဲ့သည်။ သူသည် သူတို့သိသော အမှန်တရားကို လျင်မြန်စွာစွဲကိုင်ဖို့ရန်လည်း အားပေးခဲ့၏။

ဗျာဒိတ်ကျမ်း ၃း၁-၆ ကို ဖတ်ပါ။ သာဒိမြို့ရှိ အသင်းတော် သို့မဟုတ် သာဒိအသင်းတော်သည် အေဒီ ၁၅၀၀ မှ အေဒီ ၁၈၃၀ ခန့်လောက်တွင်ရှိသော ပြုပြင်ပြောင်းလဲခြင်းရှိသည့် အသင်းတော်များကို ကိုယ်စားပြုထားသည်။ ဤအသင်းတော်သည် အချို့သော လူများအတွက် အံ့သြဖွယ်တစ်ခုကဲ့သို့ ရောက်လာခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ဤအသင်းတော်သည် ယေရှုခရစ်တော် ကျိန်ဆိုခဲ့သော သဘော်သဖန်းပင်ကို ကျွန်ုပ်တို့အား အမှတ်ရရန် သတိပေးနေသည်။ ထိုအပင်ကဲ့သို့၊ သာဒိအသင်းတော်သည် ကောင်းသောမြော်လင့်ခြင်းအသီးကိုစွဲကိုင်ထားခဲ့၏။ “သင်အသက်ရှင်သည်မှာသင့်အတွက်သာ” ဖြစ်သည်ဟု သခင်ယေရှုမိန့်တော်မူခဲ့သည်။ သို့သော် ဝမ်းနည်းစရာမှာ ထိုအရာသည် သခင်ယေရှုမြင်ချင်ခဲ့သောအရာ မဟုတ်ပေ။

မှန်ပါသည်။ ဤအချိန်ကာလအတွင်းတွင်၊ ပြုပြင်ပြောင်းလဲခြင်းသည် အစပြုခဲ့ပြီး၊ များစွာသောသမ္မာကျမ်းစာပါ နှစ်ရာပေါင်းများစွာ ဖုန်းကွယ်ဝှက်ထားခဲ့သော အမှန်တရားများကို တဖန်ရှာဖွေတွေ့ရှိလာခဲ့ကြသည်။ သို့သော် သူတို့၏အသက်တာများကို ပြောင်းလဲပေးရန် သခင်ယေရှုကို ခွင့်ပြုမည့်အစား၊ သူတို့သည် မကြာခဏ ငြင်းခုန်ခဲ့ကြပြီး၊ သမ္မာကျမ်းစာကို သူတို့၏နားလည်ထားသော အရာများအကြောင်းအပေါ် တိုက်ခိုက်ငြင်းခုန်ခဲ့ကြ၏။



တစ်ခါတရံ သူတို့သည် ဗတ္တိဇံအကြောင်းနှင့် ဘုရားသခင်၏ ညစာစားပွဲကဲ့သို့သော အကြောင်းအရာများအပေါ် သဘောမတူ၊ ငြင်းခုန်ခဲ့ကြသောသူများသည် သမ္မာကျမ်းစာပါ အမှန်တရားအားဖြင့် အသက်ရှင်ကြိုးစားသောသူများ၊ လေ့လာသောသူများကိုတောင်မှ နှိပ်စက်ညှဉ်းပန်းခဲ့ကြ၏။

**လက်တွေ့ကျင့်သုံးရန်။** ဗတ္တိဇံအကြောင်းနှင့် ဘုရားသခင်၏ ညစာစားပွဲအကြောင်းဖြစ်သည့် အမှန်တရားတို့သည် အရေးကြီးလှပါသည်။ ပြုပြင်ပြောင်းလဲရေးသမားများသည် အမှန်တရားကို သူတို့နားလည်သည့်အတိုင်းဟောပြောခြင်းမှာ မှားယွင်းနေပါသလား။ သို့မဟုတ် သူတို့သည် သူတို့နှဲ့ သဘောမတူသောသူများကို ပြစ်ဒဏ်ပေးခြင်းမှာ မှားယွင်းနေပါသလား။ ရှင်လုကာခရစ်ဝင် ၉း၅၃-၅၆။

## သောကြာနေ့ ၊ ဖိလဒေလဖိမြို့ရှိအသင်းတော် နှင့် လောဒိကိမြို့ရှိ အသင်းတော် (ဗျာဒိတ်ကျမ်း ၃း၇-၂၂) ၆

ဖိလဒေလဖိအသင်းတော်သည် အသင်းတော်များထဲတွင် ချစ်ခြင်းမေတ္တာအရှိဆုံးသော အသင်းတော်တစ်ပါးဖြစ်၏။ ဤအရာသည် သခင်ယေရှုကို အလွန်ပျော်ရွှင်စေခဲ့၏။ သူသည် သူတို့အား အဘယ်သို့ မိန့်တော်မူခဲ့ကြောင်း ဗျာဒိတ်ကျမ်း ၃း၇-၁၃ ၌ ဖတ်ပါ။

ဖိလဒေလဖိ ဟူသောအမည်၏အနက်မှာ “ညီအစ်ကိုရင်းချစ်ခြင်းမေတ္တာ” ဟု အဓိပ္ပာယ်ရသည်။ ၁၈၃၀ နှင့် ၁၈၄၀ အစောပိုင်းတွင် သခင်ယေရှု၏ မကြာမီကြွလာခြင်းအကြောင်းကို ယုံကြည်ခဲ့ကြသည့် သစ္စာရှိသောခရစ်ယာန်များသည် တမန်တော်များအချိန်ကာလကတည်းက မတွေ့မြင်ရသေးသော နည်းလမ်းများဖြင့် ထိုချစ်ခြင်းမေတ္တာမျိုးကို ပြသခဲ့ကြ၏။ သခင်ယေရှု၏ဒုတိယအကြိမ် ကြွလာခြင်းအကြောင်းကို ဟောပြောခြင်းအားဖြင့်၊ သခင်ယေရှုခရစ်တော်ကို အမှန်တကယ်ချစ်သောခ ရစ်ယာန်များသည် ဧဝံဂေလိသတင်းစကားကို ကျယ်ပြန့်ဖို့ရန် လိုအပ်သမျှ ပေးအပ်လှူဒါန်းခဲ့ကြ၏။ သူတို့သည် ယေရှုခရစ်တော် မကြာမီပြန်ကြွလာမည့်အကြောင်းနှင့်ပတ်သတ်၍ သူတို့သိခဲ့သောအရာများကို လူတိုင်းအား ဟောပြောဝေငှခဲ့ကြသည်။ တပါးသူကိုချစ်သော ဤချစ်ခြင်းမေတ္တာမျိုးသည် သခင်ယေရှုထံ ကြွယ်ဝသော ဝမ်းမြောက်ခြင်းကို ယူဆောင်ပေးလာနိုင်လေ၏။



အခန်းငယ် ၁၄-၂၂ ကို ဖတ်ပါ။ လောဒိကိအသင်းတော်သည် ကျွန်ုပ်တို့အတွက် နားလည်ဖို့ရန် အရေးကြီးသော အသင်းတော်အကြောင်း ဖြစ်သည်။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် ဤအသင်းတော်သည် ယနေ့ကျွန်ုပ်တို့အချိန်ကာလကို ကိုယ်စားပြုထားသောကြောင့်ဖြစ်သည်။ ၁၈၄၄ ခုနှစ်မှစ၍ သခင်ယေရှု၏ ဒုတိယအကြိမ်ကြွလာသည့်အချိန်တိုင်အောင်၊ လောဒိကိအသင်းတော်သည် ၎င်းရှေ့ရှိအခြားအသင်းတော်များထက် အနည်းငယ်သာ အားရစရာကောင်းသော ပုံဆောင်ခြင်းကို ကိုယ်စားပြုထားသည်။




လောဒိကိ ဟူသော အနက်မှာ “လူများကိုတရားစီရင်ခြင်း” ဟု အဓိပ္ပာယ်သက်ရောက်ပါသည်။ ဤနာမည်သည် အလွန် တိကျကိုက်ညီပါသည်။ အဘယ်ကြောင့်ဆိုသော် အေဒီ ၁၈၄၄ မှစ၍ ကောင်းကင်သန့်ရှင်းရာဌာနတော်၌ အပြစ်ဖြေရာနေ့ကြီး ဖြစ်ပွားနေသောကြောင့်ဖြစ်သည်။ ဝမ်းနည်းစရာကောင်းသည်မှာ အလွန်အရေးကြီးသောအချိန်ကာလဖြစ်သော်ငြားလည်း၊ လောဒိကိအသင်းတော်၌ ဘုရားသခင်ကို ချီးမွမ်းခြင်းတစ်စုံတစ်ခုမျှ မတွေ့ရှိပေ။ ထိုသို့အစား၊ သခင်ယေရှုသည် သူလုပ်နိုင်သောအရာများကို အကောင်းဆုံး လုပ်ဆောင်ပေးနေပါသည်။ သူသည် အံ့ဖွယ်ကောင်းသော ကောင်းကျိုးဖြစ်သောရွှေ (ယုံကြည်ခြင်းနှင့် ချစ်ခြင်းမေတ္တာ)၊ ဝတ်ရုံကို အဖြူရောင်ဖြစ်အောင် သန့်စင်ခြင်း (ဖြောင့်မတ်သောသဘောသဘာဝ) နှင့် မျက်လုံးဆေး (ဝိညာဉ်ရေးရာလမ်းညွှန်ချက်) များကို သူ၏ကြွလာခြင်းအတွက် မိမိ၏လူများကို ပြင်ဆင်ဖို့ရန် ကမ်းလှမ်းပေးနေပါသည်။

**လက်တွေ့ကျင့်သုံးရန်။** “အပူ၊” “အအေး” နှင့် “နွေးရုံ” ထိုစကားလုံးများသည် အဘယ်ကို ဆိုလိုသနည်း။ ဤစကားလုံးများကို အောက်ပါအချက်များအား သင်အဘယ်သို့ အဖြေပေးမည်နည်း။ (၁) “ယေရှုခရစ်တော်က ဤအရာကို တကယ်လုပ်မှာလား” ဟု မေးရန် သတိရအောက်မေ့ခြင်း။ (၂) သင် “ပျော်ရွှင်စရာ” တစ်ခုခုပြုလုပ်နိုင်သောကြောင့် ဥပုသ်နေ့ကို အဆုံးသတ်စေလိုခြင်း။ (၃) တရားဟောနေစဉ်အတွင်း မိတ်ဆွေသူငယ်ချင်းများကို မှတ်စုရေးမှတ်ခြင်း။ (၄) သမ္မာကျမ်းစာကို မယုံကြည်ခြင်း။ (၅) “ငါ ဘယ်အရာကိုမှ အမှားလို့ မမြင်” ဟု ပြောဆိုခြင်း။ အခြားအရာများကို ယေရှုခရစ်တော်ထက်ပို၍အရေးကြီးသည်ဟူ၍ ခွင့်ပြုသွားခြင်း။ (၇) ယေရှုခရစ်တော်သည် အဘယ်မျှလောက် အံ့သြဖွယ်ကောင်းသောအရှင် ဖြစ်ကြောင်း သင့်သူငယ်ချင်းများ သိဖို့ကူညီရန် အလိုရှိခြင်း။ (၈) သင် မိတ်ဆွေသူငယ်ချင်းများကဲ့သို့ ပြုမူ၊ ဝတ်စားရန် ကြိုးစားခြင်း။ (၉) သင့်ညီအစ်ကိုများနှင့် ညီအစ်မများအား နာခံတတ်သောသူများဖြစ်ဖို့ရန် ကူညီပေးခြင်း။

# ယေရှုခရစ်တော်ထံမှ စာစောင်များ

YR C
NO. 20



အလွတ်ကျမ်းချက်။ ။ ဗျာဒိတ်ကျမ်း ၃း၆

“ဝိညာဉ်တော်သည် အသင်းတော်တို့အား အဘယ်သို့မိန့်တော်မူသည်ကို နားရှိသောသူမည်သည်ကား ကြားပါစေ။”



## တနင်္ဂနွေနေ့ ၊ ယောဟန်သည် ယေရှုခရစ်တော်ကို တဖန်မြင်ရခြင်း (ဗျာဒိတ်ကျမ်း ၁) ၁

ဗျာဒိတ်ကျမ်းသည် သမ္မာကျမ်းစာ၏နောက်ဆုံးစာအုပ်ဖြစ်ပြီး၊ အလွန်အရေးကြီးသောစာအုပ်တစ်အုပ်ဖြစ်သည်။ အမှန်တကယ် အလွန်စိတ်ဝင်စားဖွယ်ကောင်းသော စာအုပ်တစ်အုပ်လည်း ဖြစ်သည်။ ဤစာအုပ်ကို ရေးသားသူမှာ ယေရှု၏တပည့်တော်လည်းဖြစ်၊ တမန်တော်ဆယ့်နှစ်ပါးထဲမှ နောက်ဆုံးပုဂ္ဂိုလ်လည်းဖြစ်သော ယောဟန်ဖြစ်သည်။ သူသည် သူ အလွန်ချစ်မြတ်နိုးသော သခင့်အတွက် သစ္စာရှိစွာ အမှုတော်ဆောင်ခြင်းဖြင့် အသက်တာရှည်လျားစွာ အသက်ရှင်နေထိုင်ခဲ့သည်။ ဤအရာသည် သခင်ယေရှုခရစ်တော်နှင့် ကိုယ်တော်၏နောက်လိုက်တော်များကို မုန်းတီးသောသူများထံမှ ကြီးမားသောဆန့်ကျင်ခြင်းကို ဖြစ်စေခဲ့၏။

ထူးဆန်းသည်မှာ လူများတို့က ဤနူးညံ့သိမ်မွေ့သောလူအိုကြီးသည် ကျွန်ုပ်တို့ အချင်းချင်းတစ်ယောက်ကို တစ်ယောက် အဘယ်သို့သော ချစ်ခြင်းမေတ္တာထားသင့်သည့်အကြောင်းနှင့် ပတ်သတ်၍ များစွာရေးသားပြောဆိုထားသည်ကို အလွန်ဒေါသအမျက်ထွက်ခဲ့ကြ၏။ ထို့ကြောင့် သူတို့သည် သူ့ကိုလုပ်ကြံဖို့ရန် ကြံရွယ်ခဲ့၏။ သူတို့သည် ယောဟန်အား ယေရှုအကြောင်းမပြောဘဲနေရန် အခြားနည်းလမ်းမရှိသောအခါ၊ ထိုသူတို့ (ယောဟန်ကို ရန်မူသူများ သို့မဟုတ် ရန်သူများ) သည် သူ့အသက်ကို သတ်ရန်ကြိုးစားခဲ့ကြ၏။

ရောမမြို့တွင်၊ ယောဟန်ကို ဧကရာဇ်ဘုရင် ဒိုမီးရှင်းရှေ့တော်၌ ရာဇဝတ်သားတစ်ယောက်ကဲ့သို့ တရားရုံး၌ စစ်ဆေးခဲ့ကြ၏။ သို့သော် သူ၏ရန်သူများသည် ယောဟန်ကိုစွပ်စွဲသော သူတို့၏ မှားယွင်းသောအပြစ်တင်စွပ်စွဲခြင်းအတွက် မည်သည့်သက်သေအထောက်အထားမှ ရှာမတွေ့နိုင်ခဲ့ချေ။ ထိုသူတို့သည် အလွန်မုန်းတီးခြင်းနှင့် ဒေါသအမျက်ထွက်ခြင်းဖြင့် ယောဟန်အား ဆူပွက်နေသောဆီအိုးကြီးထဲသို့ ပစ်ချလေ၏။ သို့သော် ဘုရားသခင်သည် သူ၏အသက်ကို ကယ်တင်ခဲ့လေ၏။

ဆာလံကျမ်း ၉၇း၁၀ ကို ဖတ်ပါ။ ယောဟန်သည် ထိုပွက်ပွက်ဆူနေသော ဆီအိုးထဲသို့ ပစ်ချမခံရမီ၊ သူသည် အဘယ်ကျမ်းစာထဲမှ အဘယ်ပုံပြင်အကြောင်းကို စဉ်းစားမိလိမ့်မည်ဟု သင်ထင်သနည်း။ ဒံယေလအနာဂတ္တိကျမ်း ၃း၂၅၊ ၂၆။

နောက်ဆုံးတွင် သူတို့သည် ယောဟန်ကို မသတ်ပစ်နိုင်ခဲ့သောကြောင့်၊ ဧကရာဇ်မင်းသည် အန္တရာယ်ရှိသည့် ရာဇဝတ်ကောင်များကို ထိန်းသိမ်းရာ ကြမ်းတမ်းသော ပတ်မု (Patmos) ကျွန်းငယ်လေးသို့ ယောဟန်ကိုပို့ပြီး ဖျောက်ပစ်ရန် ဆုံးဖြတ်ခဲ့လေ၏။ သို့ပေမယ့် ၊ ယောဟန်သည် ထိုအကျဉ်းသား ရာဇဝတ်ကောင်များနှင့် မိတ်ဆွေဖွဲ့ပြီး ယေရှုအကြောင်းကို ဝေငှခဲ့၏။ အချို့တို့သည် ယေရှုကို ယုံကြည်လက်ခံရန် ရွေးချယ်ခဲ့ကြလေ၏။ ယောဟန်သည် အဘယ်မျှလောက် ပျော်ရွှင်ခဲ့မည်နည်း။

ယောဟန်နေထိုင်ရသည့် ထိုကျွန်းသည် ကျောက်တုံးကျောက်ခဲတို့နှင့်ပြည့်နှက်၍ ဟာလာဟင်းလင်းဖြစ်၏။ ထိုဟာလာဟင်းလင်းသော ကျောက်တုံးကျောက်ခဲများ၊ လှပသောကောင်းကင်ပြာနှင့် ကျယ်ပြန့်သော ပင်လယ်ပြင်တို့သည် တခါတရံ အေးချမ်းသာယာပြီး၊ တခါတရံမှာ မုန်တိုင်းထန်ခဲ့သည်။ ကမ်းနားပေါ်တွင်ရိုက်ခတ်သော ကြီးမားသောလှိုင်းလုံးများသည် ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့်တန်ခိုးတော်အကြောင်းကို သူ့အား ပြောပြလေ၏။

ဗျာဒိတ်ကျမ်း ၁း၉-၁၆ ကို ဖတ်ပါ။ ဥပုသ်နေ့တစ်ရက်တွင်၊ ယောဟန်သည် ပင်လယ်ကမ်းနားဘေးတွင် တိတ်ဆိတ်ငြိမ်ဝတ်စွာ ဝတ်ပြုကိုးကွယ်နေစဉ်၊ ရုတ်တရက် တံပိုးခရာသံကဲ့သို့သော ကျယ်လောင်သောအသံတစ်သံကို ကြားခဲ့၏။ သူသည် ဤအသံမျိုးကို နှစ်ပေါင်းများစွာ မကြားခဲ့ရသော်လည်း သူသည် ၎င်းအသံကို ချက်ချင်း အသိအမှတ်ပြုခဲ့၏။ လျင်မြန်စွာ လှည့်ကြည့်လိုက်သောအခါ၊ ကောင်းကင်ဗိမာန်တော်၏သန့်ရှင်းသောအခန်း၌ ရပ်နေသော “လူသားနှဲ့တူသော သူတစ်ဦးကို” သူမြင်တွေ့ခဲ့ရ၏။

မှန်ပါသည်၊ ထိုသူမှာ သခင်ယေရှုဖြစ်၏။ ယောဟန်သည် သူငယ်ရွယ်စဉ်အချိန်က သခင်ယေရှုနှင့်အတူ လမ်းလျှောက်၊ စကားပြောဖူးသူ၊ သူ၏အမှုကို ထမ်းဆောင်ခဲ့ဖူးသူဖြစ်ခဲ့သောကြောင့် ကောင်းကောင်းမှတ်မိခဲ့၏။ သို့သော် ယခုတွင် သူ့မိတ်ဆွေ၊ သခင်ယေရှု ဘုရားသခင်သည် ဝတ်လုံတော်များဝတ်ဆင်ပြီး၊ ကောင်းကင်ဘုရင်ပုံသဏ္ဍာန်ကို ဆောင်လေ၏။ ရိုးသောသူ၊ နှိမ့်ကျသောသူ၊ ဆင်းရဲနွမ်းပါးသောဂါလိလဲပြည်သားကဲ့သို့ မဟုတ်ခဲ့တော့ချေ။

**လက်တွေ့ကျင့်သုံးရန်။** ကျွန်ုပ်တို့သည် ကောင်းကင်ဘုံ၌ အချင်းချင်းတစ်ယောက်ကိုတစ်ယောက် တွေ့ဆုံသောအခါ၊ မှတ်မိကြဦးမည်လားဟု တခါတရံတွေးမိကြသည်။ ယခုကျွန်ုပ်တို့တွေ့မြင်ရသောပုံသဏ္ဍာန်နှင့် ထာဝရအသက်ရှင်ခွင့်နှင့်အတူ ကောင်းကင်သို့ ရောက်သောပုံသဏ္ဍာန်တို့မှာ ကြီးမားစွာကွဲပြားခြားနားခြင်းကို တွေ့မြင်ရမှာဖြစ်ပါသည်။ သို့သော် ကျွန်ုပ်တို့သည် တစ်ဦးကိုတစ်ဦး မှတ်မိနေဆဲဖြစ်လိမ့်မည်။ ထိုအရာသည် အံ့သြဖွယ်မဟုတ်ပါသလား။ ကောရိန္သုဩဝါဒစာ ပဌမစောင် ၁၃း၁၂။

© ၂၀၂၃ - My Bible First www.mybiblefirst.org sales@mybiblefirst.org

## တနင်္လာနေ့ ၊ ယေရှုခရစ်တော်၏ဗျာဒိတ်ကျမ်း (ဗျာဒိတ်ကျမ်း ၁း၁-၃) ၂

သခင်ယေရှုသည် မိမိ၏လူတို့အား ကြားပြောလိုသော အထူးသတင်းစကားကို ယောဟန်မှတစ်ဆင့် ဟောကြားရန် ရွေးချယ်ခဲ့ပါသည်။ အဘယ်အချိန်အခါမဆို၊ လူများတို့အလိုဆန္ဒရှိသည်အတိုင်း၊ ဘုရားသခင်က သူတို့ထံမှတစ်ဆင့် အလုပ်လုပ်ဆောင်စေလိုသည်။ လူသားများသည် အလုပ်ကို ဘုရားသခင် သို့မဟုတ် ကောင်းကင်တမန်များ လုပ်နိုင်သည်ထက် ပို၍ မလုပ်ဆောင်နိုင်ပါ၊ သို့သော် ဘုရားသခင်သည် လူသားဖြစ်သော ကျွန်ုပ်တို့အား သူတစ်ပါးကို ကောင်းချီးဖြစ်စေရန်၊ သူနှင့်အတူတကွ အလုပ်လုပ်ခြင်းအားဖြင့် ကျွန်ုပ်တို့အား ဝမ်းမြောက်ပျော်ရွှင်စေလိုသောကြောင့် ဖြစ်သည်။

သခင်ယေရှုသည် ယောဟန်အား ဘာလုပ်ဖို့ရန် တောင်းဆိုခဲ့သနည်း။ ဗျာဒိတ်ကျမ်း ၁း၁၇-၂၀။ သခင်ယေရှုသည် မိမိ၏လူတို့အတွက် အရေးကြီးသောအကြောင်းအရာများကို နောက်ဆုံးအချိန်ကာလတိုင်အောင် ဖော်ပြခဲ့၏။ ထိုနေ့ရက်၌ သူသည် ယောဟန်အားဖြင့် သူဝေငှခဲ့သည့် သတင်းစကားများမှာ ယောဟန်နှင့် ထိုအချိန်က အသက်ရှင်နေထိုင်ခဲ့သူများအတွက် ဖြစ်သည်ထက်၊ ထိုသတင်းစကားသည် ယနေ့အသက်ရှင်နေထိုင်သော သင်နှင့်ကျွန်ုပ်အတွက် ဖြစ်၏။

ဘုရားသခင်သည် သူ၏သတင်းစကားကို အဘယ်သို့ စေလွှတ်ခဲ့သနည်း။ ဗျာဒိတ်ကျမ်း ၁း၁-၃။ ခမည်းတော်သည် ထိုသတင်းစကားတော်ကို ယေရှုခရစ်အားပေးပြီး၊ ယေရှုခရစ်တော်သည် သူ၏ကောင်းကင်တမန်များကိုပေးသည်။ ကောင်းကင်တမန်များသည်လည်း ယောဟန်အားပေးပြီး၊ ယောဟန်သည် ထိုသတင်းစကားကို ရေးသားခဲ့လေ၏။ ထို့ကြောင့် လူများတို့သည် ထိုသတင်းစကားကို ကိုယ်တိုင် ဖတ်ရှုခဲ့ရပြီး၊ ကြွေးကြော်ခဲ့ကြသောကြောင့် အခြားသောသူတို့သည် ထိုသတင်းစကားကို ကြားနိုင်ခဲ့ရကြလေ၏။ ထိုအရာသည် အလွန်ကောင်းသော လုပ်ငန်းစဉ်တစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ဗျာဒိတ်ကျမ်း၌ပါသော သတင်းစကားကို မကြားရသေးသောသူများအား ဟောပြောဝေငှခြင်းအားဖြင့် ဘုရားသခင်၏အသင်းသား (God's team) ဖြစ်ခွင့်ရနိုင်သည်မှာ အံ့ဩစရာ မဟုတ်ပေလော။

ဘုရားသခင်သည် မိမိလူများအား အထူးအရေးကြီးသောအရာတစ်စုံတစ်ခုကို ပြောပြရန်ကြိုးစားသောအခါ၊ ၎င်းကို ကြားနာရန်နှင့် လိုက်နာရန်မှ တားဆီးရန် စာတန်သည် ကြိုးစားလိမ့်မည်ဟု သင်အသေအချာသိနိုင်ပါသည်။ ထို့အပြင် ဝမ်းနည်းစရာကောင်းသည်မှာ သူသည် ဗျာဒိတ်ကျမ်းကို မလေ့လာဖို့ရန် လူအများတို့အား စိတ်ဓာတ်ကျစေအောင်ဆောင်ရွက်၏။ သူသည် လူအများတို့အားပြောသည်မှာ ဗျာဒိတ်ကျမ်းသည် လေ့လာစရာမလိုပေ၊ ဗျာဒိတ်ကျမ်းကို နားလည်ဖို့ရန်မှာ မဖြစ်နိုင်ဟုပြောဆိုနေ၏။ ထို့အပြင် ဗျာဒိတ်ကျမ်းသည် "တံဆိပ်ခတ်ခံထားသည်၊" ထို့ကြောင့် ထိုကျမ်း၏ဆိုလိုရင်းကို အဘယ်သူမှ မသိနိုင်ပါဟု သူပြောထားသေးသည်။ သို့သော် ထိုအရာသည် မှန်ပါသလား။ ထိုကျမ်း၏ခေါင်းစဉ်ကို ကြည့်ပါ။ "ဗျာဒိတ်ကျမ်း" ဟူသော စကားလုံးမှာ ဘာကို ဆိုလိုသနည်း။

**လက်တွေ့ကျင့်သုံးရန်။** ဒံယေလအနာဂတ္တိကျမ်း ၁၂း၄ ကို ဖတ်ပါ။ ဒံယေလကျမ်းသည် တံဆိပ်ခတ်ခြင်းအကြောင်းနှင့်ပတ်သက်၍ ပြောထားသော တစ်ခုတည်းသော ကျမ်းစာအုပ်ဖြစ်သည်။ သို့သော် ယခုတွင် ဗျာဒိတ်ကျမ်း ၁၀း၁၊ ၂ ကို ဖတ်ပါ။ ယခုမှစ၍ ရက်သတ္တပတ်အနည်းငယ်အကြာတွင် ကျွန်ုပ်တို့သည် ဤ "စာအုပ်ငယ်" အကြောင်းကို လေ့လာကြမည်ဖြစ်ပြီး၊ ၎င်းမှာ ဤနောက်ဆုံးသော နေ့ရက်များကို နားလည်ရန်၊ ယခုတွင် ဖွင့်ပြထားသည့် ဒံယေလအနာဂတ္တိကျမ်းဖြစ်နေသည်ကို တွေ့ရှိလိမ့်မည်။

## အင်္ဂါနေ့ ၊ ဖေက်မြို့ရှိ အသင်းတော် (ဗျာဒိတ်ကျမ်း ၂း၁-၇) ၃

ဗျာဒိတ်ကျမ်း၌ "ခုနှစ်" အစုများစွာ ရှိပါသည်။ အခန်းကြီး ၁ ၌ အစနားတွင် အသင်းတော် ခုနှစ်ပါးအကြောင်းကို ဖော်ပြထားသည်ကို ကျွန်ုပ်တို့တွေ့ရပါသည်။ ထို့အပြင် မီးတိုင်ခုနှစ်လုံးနှင့် ကြယ်ခုနှစ်လုံးကိုလည်းပဲ ဖော်ပြထားသည်ကို တွေ့ရပါသည်။ အခန်းကြီး ၅ တွင် တံဆိပ်ခုနှစ်ချက်ခတ်ထားသောစာစောင်နှင့် အခန်းကြီး ၈ တွင်လည်း တံပိုးခုနှစ်လုံးနှင့် ကောင်းကင်တမန် ခုနှစ်ပါးအကြောင်းကို ပြောထားသည်။ ထို့အပြင်၊ မိုးကြိုးသံခုနှစ်ချက်၊ ခေါင်းခုနှစ်လုံးရှိသော နဂါးကြီး၊ ဘေးဒဏ်ခုနှစ်ပါး၊ တောင်ခုနှစ်လုံး နှင့် ရှင်ဘုရင်ခုနှစ်ပါးတို့အကြောင်းကိုလည်း တွေ့ရပါသည်။ ထိုအရာများသည် ခုနှစ် နံပါတ်အများအပြားဖော်ပြသောအရာဖြစ်သည်။

ဘုရားသခင်သည် အဘယ်ကြောင့် ခုနှစ်နံပါတ်ကို ရွေးချယ်ခဲ့သည်ကို သင်အဘယ်သို့ ထင်သနည်း။ ဘုရားသခင်သည် "ပြည့်စုံခြင်း" ကို အဓိပ္ပာယ်ဖော်ရန် နံပါတ်ခုနှစ်ကို မကြာခဏအသုံးပြုသည်။ ဥပမာအနေဖြင့်၊ ဖန်ဆင်းခြင်းသည် ခုနှစ်ရက်နေ့မြောက်တွင် ပြီးဆုံးခဲ့သည်။

မီးတိုင်ခုနှစ်လုံးသည် ဘာကို ကိုယ်စားပြုသနည်း။ ဗျာဒိတ်ကျမ်း ၁း၂၀။

ဗျာဒိတ်ကျမ်း အခန်းကြီး ၂ နှင့် ၃ သည် မတူညီသော အသင်းတော်ခုနှစ်ပါးထံ ယေရှုခရစ်တော်ထံမှ ပို့ပေးသော စာစောင်တိုများပါဝင်၏။ ထိုအသင်းတော်ခုနှစ်ပါးသည် တမန်တော်များတို့၏ အချိန်ကာလမှ သခင်ယေရှုခရစ်တော်၏ဒုတိယအကြိမ်ကြွလာခြင်းအထိ ဘုရားသခင့်အသင်းတော်များ၏ပြည့်စုံသောရာဇဝင်ကို ကိုယ်စားပြုထားသည်။ ယေရှုခရစ်တော်သည် မိမိ၏အသင်းတော် အလယ်တို့၌ သွားလာနေခြင်းနှင့်၊ ကြည့်ရှုနေခြင်းနှင့်အတူ၊ အမြဲလမ်းပြလမ်းညွှန်မှုနှင့် ဂရုစိုက်စောင့်ရှောက်နေသည်ကို မြင်သောအခါ ယောဟန်သည် စိတ်သက်သာရာ နှစ်သိမ့်မှုရခဲ့၏။

ဖေက်အသင်းတော်သည် ဖော်ပြပါ ထိုအသင်းတော်ခုနှစ်ပါးမှ ပထမဆုံးအသင်းတော်ဖြစ်သည်။ ဗျာဒိတ်ကျမ်း ၂း၁-၃။ ဤအသင်းတော်၏သစ္စာရှိခြင်းအတွက် သခင်ယေရှုသည် ပျော်ရွှင်ခဲ့သည်။ သူသည် သူတို့အား ဂရုဏာရှိစွာ မိန့်တော်မူခဲ့၏။ သို့သော် အသင်းတော်၌ ပြဿနာတစ်ခုရှိကြောင်းကိုလည်း ထောက်ပြခဲ့လေ၏။ အဘယ်ပြဿနာဖြစ်သနည်း။ သခင်ယေရှုသည် မည်သည့်အကြံဉာဏ်ကို ပေးခဲ့သနည်း။ အခန်းငယ် ၄၊ ၅။

အခန်းငယ် ၆ တွင်၊ သခင်ယေရှုခရစ်တော်သည် သူတို့အား သူမုန်းသော "နိကောလတပည့်တို့၏အကျင့်" ကို မုန်းဖို့ရန်အားပေးခဲ့၏။ ဤအရာသည် သခင်ယေရှုအတွက် ပုံမှန်မဟုတ်သော ပြင်းထန်သည့်စကားရပ်ဖြစ်သည်။ သူမုန်းသောအရာအများကြီး မရှိပေ၊ ထို့ကြောင့် ဤအရာသည် ဘာကိုဆိုလိုသနည်း။ နိကောလတပည့်တို့က သင်လုပ်ဆောင်သောအရာများသည် အဓိကပြဿနာမဟုတ်၊ ယေရှုခရစ်ကို သင်ယုံကြည်ခြင်းသည်သာ အဓိကကျသည်ဟု သွန်သင်ခဲ့ကြ၏။

တစ်စုံတစ်ယောက်က "သင်လုပ်ဆောင်သောအရာအားလုံးသည် ယေရှုခရစ်တော်ကို ယုံကြည်ခြင်းဖြစ်သည်" ဟု ပြောဆိုသည်ကို သင်ကြားဖူးပါသလား။ မကြာခဏ ၎င်းသည် သူတို့က ယေရှုခရစ်တော်နှင့်မတူချင်သည်ကို အဓိပ္ပာယ်သက်ရောက်ပါသည်။ သို့သော် ဘုရားဝတ်၌မွေ့လျော်ခြင်းအသက်တာသည် ယေရှုခရစ်တော်ကို ယုံကြည်ခြင်းအကျိုးရလဒ်အမှန်ဖြစ်သည်။ ထိုသို့သောအတွေးအခေါ်များကို သခင်ယေရှုမုန်းသည်မှာ အံ့ဩစရာမဟုတ်ပေ။

**လက်တွေ့ကျင့်သုံးရန်။** ဖေက်မြို့၌ရှိသောအသင်းတော်သည် အစပြုကောင်းခဲ့သည်။ သို့သော် ပေါလုနှင့်ယောဟန်တို့၏ သတိပေးရေးသားချက်မှ သူတို့သည် သူတို့၏ပထမဆုံးချစ်ခြင်းမေတ္တာကို ပျောက်ဆုံးရန် အဘယ်သို့အစပြုခဲ့ကြောင်းကို ကျွန်ုပ်တို့တွေ့မြင်နိုင်ပါ သည်။ ကျွန်ုပ်တို့၌ ထိုသို့ ဖြစ်နိုင်ပါသလား။ ထိုအကြောင်းနှင့်ပတ်သက်၍ ကျွန်ုပ်တို့ ဘာလုပ်ဆောင်နိုင်မည်နည်း။ အငယ် ၅။

## ဗုဒ္ဓဟူးနေ့ ၊ စမုရနမြို့ရှိအသင်းတော်နှင့် ပေရဂံမြို့ရှိ အသင်းတော် (ဗျာဒိတ်ကျမ်း ၂း၈-၁၇) ၄

နောက်ထပ်အသင်းတော်မှာ စမုရနအသင်းတော်ဖြစ်သည်။ညှဉ်းပန်းနှိပ်စက်ခြင်းခံရသောအသင်းတော်ဟု ခေါ်ဆိုကြ၏။ ဗျာဒိတ်ကျမ်း ၂း၈-၁၁။

အေဒီ ၁၀၀ မှ အေဒီ ၃၁၃ အထိခန့်တွင်၊ မြောက်များစွာသော ခရစ်ယာန်များသည် ညှဉ်းပန်းနှိပ်စက်ခြင်းကို ရင်ဆိုင်ခဲ့ရကြ၏။ ဤအချိန်ကာလအတွင်း၌ ဥပဒေများကို ခရစ်ယာန်ဘာသာဝင်များအား ဆန့်ကျင်ပြီး ရေးဆွဲခဲ့ကြ၏။ သူတို့သည် အမြဲတမ်း အတင်းအကျပ်တွန်းအားမပေးသော်လည်း ဥပဒေသည် ရှိနေဆဲဖြစ်၏။ လူတိုင်းက အကယ်၍ သူသည် ခရစ်ယာန်တစ်ယောက်ဖြစ်ဖို့ရန် ရွေးချယ်ပါက၊ သူသည် ဒုက္ခလှလှခံရနိုင်ကြောင်း၊ နှိပ်စက်ခြင်းခံရနိုင်ကြောင်း၊ အကျဉ်းချခံရနိုင်ကြောင်းနှင့် အသက်တောင်သတ်ခြင်းခံရနိုင်ကြောင်းကို သိခဲ့ကြ၏။

ဤအရာများသည် ဆိုးသောဥပဒေများဖြစ်သည်။ ရောမအစိုးရ၌ ဆိုးသောအကြီးအကဲခေါင်းဆောင်တို့သည် သူတို့ကို ဩဇာ အာဏာဖြင့် အတင်းအကျပ်ပြုရန် ကြိုးပမ်းခဲ့ကြ၏။ ဤအရာသည် ဧကရာဇ်ဒီယိုကလက်ရှင်း (Diocletian) လက်အောက်၊ အေဒီ ၃၀၃ - ၃၁၃ နှစ်ပေါင်း ၁၀ နှစ်ကြာ ကြောက်မက်ဖွယ်ကောင်းသောညှဉ်းပန်းနှိပ်စက်ခြင်းကို ဖြစ်စေခဲ့သည်။ သမ္မာကျမ်းစာသည် ဤ "ဆင်းရဲဒုက္ခကြီးကာလ" နှစ်ပေါင်း ၁၀ နှစ်အကြောင်းကို ပုရောဖက်ပြုချက် ၁၀ ရက်အဖြစ်ဖော်ပြထားသည်။

နောက်ဆုံးတွင်၊ ဧကရာဇ်မင်းအသစ်သည် အာဏာတန်ခိုးရလာပြီး၊ ခရစ်ယာန်ဘာသာကို ဆန့်ကျင်သောဥပဒေများကို ပြောင်းလဲပစ်ခဲ့ပြီး၊ ခရစ်ယာန်တစ်ယောက် တရားဝင် ဝင်ခွင့်ရရန် အမိန့်ကို ထုတ်ပြန်ခဲ့၏။ ရက်သတ္တပတ်အနည်းငယ်အကြာတွင်၊ ဤပြောင်းလဲမှုသည် ကောင်းသော်လည်း၊ အချို့သောတစ်ကိုယ်ကောင်းဆန်သည့် အသင်းတော်ခေါင်းဆောင်များသည် ၎င်းအား သူတို့ကိုယ်တိုင် ကိုယ်ပိုင်ချမ်းသာကြွယ်ဝမှုနှင့် အာဏာရရှိရန် အခွင့်အလမ်းအဖြစ်အသုံးချခဲ့သည်ကို ကျွန်ုပ်တို့တွေ့ရလိမ့်မည်။

ဤသို့သိပ်မကြာခင်မှာ၊ နောက်ထပ်အသင်းတော်ဖြစ်သော ပေရဂံအသင်းတော်သည် အေဒီ ၃၁၃ မှ အေဒီ ၅၃၈ ကာလတွင် အစပြုခဲ့သည်။ ဤနှစ်များအတွင်းတွင် ဘုရားသခင်၏လူများသည် ပထမဆုံးသော တနင်္ဂနွေဥပဒေကို ရင်ဆိုင်ခဲ့ရ၏။ ဤဥပဒေသည်လူများအား တနင်္ဂနွေနေ့ကို သန့်ရှင်းစွာစောင့်ထိန်းစေရန်နှင့် သတ္တရက်နေ့ဖြစ်သော ဥပုသ်နေ့ကို မေ့လျော့စေရန် သူတို့အား တိုက်တွန်း တောင်းဆိုခဲ့လေ၏။ ၎င်းသည် မကြာမီတွင် ရောမကက်သလစ်အသင်းတော်ဖြစ်လာခြင်း၏အရေးကြီးသောအဖြစ်အပျက်ဖြစ်သည်။

ပေရဂံမြို့၌ရှိသော အသင်းတော်အား သခင်ယေရှုသည် ဘာမိန့်တော်မူခဲ့သနည်း။ ဗျာဒိတ်ကျမ်း ၂း၁၂-၁၇။ ဤအချိန်ကာလ အတွင်း၌ အသက်ရှင်နေထိုင်ခဲ့သော ခရစ်ယာန်များသည် မိမိတို့၏ခေါင်းဆောင်များဟု ပြောဆိုသူများက သမ္မာကျမ်းစာကို မနာခံရန် ပြောသောအခါ၊ မှန်ကန်သည့်အမှန်တရားကို လုပ်ဆောင်ရန်ခက်ခဲသော စိန်ခေါ်မှုများအခက်အခဲများကို မကြာခဏကြုံတွေ့ခဲ့ရကြ၏။ အခြားသောအခက်အခဲစိန်ခေါ်မှုအသစ်တစ်ခုမှာ ညှဉ်းပန်းနှိပ်စက်ခြင်းဖြစ်သည်။ သို့သော် ဤ တစ်ကြိမ်တွင် အသင်းတော်ခေါင်းဆောင်များ၏ အတွေးအခေါ်များနောက် မလိုက်လျှောက်သောသူများကို အသင်းတော်က ချမှတ်ထားသော ညှဉ်းပန်းခြင်းဖြစ်၏။ ဤအသင်းတော်ခေါင်းဆောင်များကို အဘယ်သို့သော မိစ္ဆာပရောဖက်များနှင့် ခိုင်းနှိုင်းထားသနည်း။ ဗျာဒိတ်ကျမ်း ၂း၁၄။ (ဝတ်ပြုရာကျမ်း ၂၂-၂၅ မှာလည်း တွေ့နိုင်ပါသည်)

**လက်တွေ့ကျင့်သုံးရန်။** အငယ် ၁၃ သည် အန္တိပ ကို ဖော်ပြထားပြီး၊ "သစ္စာရှိသော မာတုရ" အဖြစ် ဖော်ပြထားသည်။ အန္တိပ ဟူသော အမည်သည် ဂရိစာလုံးနှစ်လုံးဖြစ်သည့် "အန္တိ၊" ၎င်းအနက်မှာ "ဆန့်ကျင်ခြင်း" နှင့် "ပပ(စ်)၊" ၎င်းအနက်မှာ "ဖခင် (သို့) အဘ" သို့မဟုတ် "ပုပ်ရဟန်းမင်းကြီး" ဖြစ်သည်။ ကျွန်ုပ်တို့သည် မခေါ်ဝေါ်သင့်၊ မလုပ်ဆောင်သင့်ကြောင်း သခင်ယေရှုက ဘာပြောဆိုခဲ့သနည်း။ ရှင်မဿဲခရစ်ဝင် ၂၃း၉။

## ကြာသပတေးနေ့ ၊ သွာတိရမြို့ရှိ အသင်းတော်နှင့် သာဒိမြို့ရှိ အသင်းတော် (ဗျာဒိတ်ကျမ်း ၂း၁၈-၃း၆) ၅

သခင်ယေရှု၏နောက်ထပ်စာစောင်တစ်စောင်မှာ သွာတိရမြို့ရှိအသင်းတော်သို့ ရေးသောစာစောင်ဖြစ်သည်။ ဤအသင်းတော်သည် အသင်းတော်ခုနှစ်ပါးထဲမှ အဘယ်အသင်းတော်ထက်မဆို အချိန်ကာလအကြာဆုံးကို ကိုယ်စားပြုထားသည်။ ဤအသင်းတော်သည် အေဒီ ၅၃၈ ပုပ်ရဟန်းမင်းကြီး အဖမ်းခံရသောအချိန်မှ အစပြုခဲ့ပြီး၊ တောက်လျှောက် အေဒီ ၁၅၀၀ အစောပိုင်းအချိန်အထိ ဆက်သွားခဲ့သည်။ ဤအချိန်သည် အယူဖောက်ပြန်မှုတိုးများလာခဲ့သော အချိန်ကာလဖြစ်ခဲ့၏။ သမ္မာကျမ်းစာ၏အမှန်တရားများကို စွန့်ပစ်ပြီး၊ အသင်းတော်ထဲ၊ ဗိမာန်တော် သို့မဟုတ် ဘုရားကျောင်းထဲသို့ အယူမှားဓလေ့ထုံးစံများ၊ ရုပ်ထုများကို ယူဆောင်လာခဲ့ကြ၏။

၎င်းကာလသည် ကြောက်မက်ဖွယ်ကောင်းသော ညှဉ်းပန်းနှိပ်စက်ခြင်းအချိန်ကာလတစ်ခုလည်းဖြစ်သည်။ အဘယ်သူမဆို ဤကျင့်ဝတ်များကို ဆန့်ကျင်ပါက ညှဉ်းဆဲခြင်းကိုခံရနိုင်ပါသည်။ မှတ်တမ်းများသည် မပြည့်စုံသော်လည်း၊ အချို့သောနေရာများတွင်၊ သန်း ၅၀ နှင့် ၆၀ လောက်သောလူများသည် ဤနှစ်ကာလများအတွင်း၌ အသေသတ်ခြင်းကို ခံခဲ့ကြရ၏။ အဘယ်ကြောင့်နည်း။ အဘယ်ကြောင့်ဆိုသော် အသင်းတော်ခေါင်းဆောင်များက လူများကို ကယ်တင်ဖို့ရန် သူတို့၏ယုံကြည်ခြင်းကို ထိန်းချုပ်ခြင်းမှာ သူတို့ တာဝန်ဖြစ်သည်ဟု ယုံကြည်ကြသောကြောင့်ဖြစ်သည်။